




The Myanmar Investment Commission

PERMIT

Permit No. 456 / 2011 Date 4th FEBRUARY, 2011

The Myanmar Investment Commission issues this Permit under Section 10 of the Union of Myanmar Foreign Investment Law-

(a) Name of Promoter MR. TAN GHEE KIAT

(b) Citizenship MALAYSIAN

(c) Address NO.7, LORONG TEMPINIS, KANAN DUA LUCKY GARDEN BANGSAR, 59100, KUALA LUMPUR, MALAYSIA

(d) Name and Address of principal organization PRESTIGE PLATFORM SDN. BHD. SUITE16-08, LEVEL 16, WISMA UOA II, 21, JALAN PINANG 50450 KUALA LUMPUR, MALAYSIA.

(e) Place of incorporation KUALA LUMPUR, MALAYSIA

(f) Type of business in which investment is to be made OIL PALM PLANTATION AND PALM OIL MILL

(g) Place(s) at which investment is permitted BOKPYIN TOWNSHIP, MYEIK DISTRICT, TANINTHARYI REGION

(h) Amount of foreign capital US $ 40 MILLION

(i) Period for bringing in foreign capital WITHIN 6 YEARS AFTER INCORPORATION OF THE COMPANY

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US $ 40 MILLION

(k) Permitted duration of investment 30 YEARS

(l) Name of the economic organization to be formed in Myanmar MYANMAR ROYAL PRESTIGE PLANTATION CO., LTD.

Chairman

The Myanmar Investment Commission

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်



ခွင့်ပြုမိန့်အမှတ် ၄၅၆ / ၂၀၁၁ ၂၀၁၁ခုနှစ်၊ဖေဖော်ဝါရီလ ၂၂ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ (၁၀) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည်-

(က) ကမကထပြုသူ၏အမည် MR. TAN GHEE KIAT

(ခ) မည်သည့် နိုင်ငံသား MALAYSIAN

(ဂ) နေရပ်လိပ်စာ NO.7, LORONG TEMPINIS, KANAN DUA LUCKY GARDEN BANGSAR, 59100, KUALA LUMPUR, MALAYSIA

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ PRESTIGE PLATFORM SDN.,BHD, SUITE16-08, LEVEL 16, WISMA UOA II, 21, JALAN PINANG 50450 KUALA LUMPUR, MALAYSIA

(င) ဖွဲ့စည်းရာအရပ် KUALA LUMPUR, MALAYSIA

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား ဆီအုန်းစိုက်ပျိုးခြင်းနှင့် သန့်စင်ပြီး စားအုန်းဆီထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခွင့်ပြုသည့်အရပ်ဒေသ(များ) ဘုတ်ပြင်းမြို့နယ်၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း အမေရိကန်ဒေါ်လာ ၄၀ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကုမ္ပဏီဖွဲ့စည်းပြီး ၆နှစ်အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၄၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် သက်တမ်း ၃၀ နှစ်

(ဌ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် စီးပွားရေး အဖွဲ့အစည်းအမည် MYANMAR ROYAL PRESTIGE PLANTATION CO., LTD.

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်

လျှို့ဝှက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက - ၆(ခ)/န- ၄၆၀/၂၀၁၁(၆၁၇)

Myanmar Royal Prestige Plantation Co., Ltd.(MRPP) တည်ထောင်၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသတွင် ဆီအုန်း (၃၀,၀၀၀ ဧက) စိုက်ပျိုးရန် အဆိုပြုလွှာ တင်ပြခြင်းကိစ္စ။

အကျဉ်းချုပ်။ ။ မြန်မာနိုင်ငံသားပိုင် တော်ဝင်ရွှေပုလဲ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်မှ ၂၀% နှင့် မလေးရှားနိုင်ငံမှ Prestige Platform Sdn.Bhd. မှ ၈၀% တို့ ဖက်စပ်ပြု၍ Myanmar Royal Prestige Plantation Co., Ltd. (MRPP) ဖက်စပ်ကုမ္ပဏီ တည်ထောင်ကာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသရှိ မြေဧက (၃၀,၀၀၀) တွင် ဆီအုန်း စိုက်ပျိုးခြင်းနှင့် သန့်စင်ပြီး စားအုန်းဆီ ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဌာန (နှစ်ရှည်ပင် လုပ်ငန်း) နှင့် Product Sharing စနစ်ဖြင့် လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်ပြလာပါသည်။

လုပ်ငန်း၏ ကနဦး ရင်းနှီးမြှုပ်နှံမှုမှာ US$ ၄၀ သန်း ဖြစ်၍ ချေးငွေ US$ ၂၅ သန်း ပါဝင်ပါသည်။ ၎င်းတွင် ငွေသား US $ ၀.၃၂၆ သန်း၊ စက်ပစ္စည်းကိရိယာ တန်ဆာပလာ US $ ၁၂.၇၉၈ သန်း၊ ကုန်ကြမ်းပစ္စည်း၊ ကျွမ်းကျင်မှုနည်းပညာနှင့် အခြားဆက်စပ်ပစ္စည်းများ US $ ၂၆.၈၇၆ သန်း တို့ ပါဝင်ပါသည်။

အဆိုပြုချက်ကို (၁၂-၁-၂၀၁၁) နေ့တွင်ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၁/၂၀၁၁)အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ အဆိုပြုလုပ်ငန်း၏ ကနဦး သက်တမ်းကာလကို (၃၀) နှစ်နှင့် နှစ်ဖက်သဘောတူညီချက်ဖြင့် နောက်ထပ် (၁၅) နှစ် နှစ်ကြိမ် သက်တမ်းတိုးမြှင့်ရန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြရခြင်းဖြစ်ပါသည်။

စားအုန်းဆီရောင်းဈေးနှုန်းမှာ ၁ တန်လျှင် US $ ၅၀၀ ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်မှုမှာ ၄၄,၀၅၇ တန် ဖြစ်ပါသည်။ ထွက်ရှိလာသော သန့်စင်ပြီး စားအုန်းဆီ ချောများကို ပြည်တွင်းတွင် ၅၀% နှင့် ပြည်ပ သို့ ၅၀% တင်ပို့ရောင်းချမည်ဖြစ်ပါသည်။

လျှို့ဝှက်

ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့်နိုင်ငံတော်မှစီမံကိန်းကာလအတွင်း US $ (၄၂.၆၉၆)သန်း ရရှိနိုင်မည် ဖြစ်သည့်အပြင် ခန့်မှန်းခြေအားဖြင့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်စုစုပေါင်း US$ (၁၅၀)သန်း ခန့် ရရှိနိုင်မည်ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်း၏ Product Sharing စာချုပ်အပေါ် ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနတို့၏ သဘောထားမှတ်ချက်များ နှင့် အညီ ပြင်ဆင်ထားပါသည်။ ထို့ပြင် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် ကန့်ကွက်ရန်မရှိပါကြောင်း၊ တနင်္သာရီတိုင်း သစ်တော ဦးစီးဌာနမှလည်း သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေခြင်းမရှိလျှင် သစ်တောရေးရာ ဝန်ကြီးဌာနမှ ခွင့်ပြုနိုင်ကြောင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ Prestige Platform Sdn.Bhd. သည် မလေးရှားနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပါကြောင်းနှင့် ခိုင်မာသော ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းမှလည်း မြေယာ ကြိုတင် လုပ်ကိုင်ခွင့် ရရှိပြီးဖြစ်၍ ဆက်လက် ထောက်ခံပါကြောင်း၊ ကျေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနမှလည်း မြေယာပြင်ဆင်ခြင်းနှင့် ဆီအုန်းပျိုးခင်းများ စိုက်ပျိုးလုပ်ကိုင်ရေးအတွက် မြေပေး နိုင်ပါကြောင်း၊တနင်္သာရီတိုင်းမြေစာရင်းဦးစီးဌာနမှလည်း ကန့်ကွက်ရန်မရှိပါကြောင်းသဘောထား မှတ်ချက်များဖြင့် တင်ပြထားပါသည်။

လုပ်သားများခန့်ထားရာတွင် လုပ်ငန်းသဘာဝအရ နှစ် အလိုက် ဖော်ပြထားပြီး ပထမနှစ် တွင် ပြည်တွင်းမှ ၂၀၀ဦး နှင့် ပြည်ပမှ ၉ ဦး စုစုပေါင်း ၂၀၉ ဦး ခန့်ထားရန် လိုအပ်မည်ဖြစ် ကြောင်း ဖော်ပြထားပါသည်။

Prestige Platform Sdn.Bhd သည် မလေးရှားနိုင်ငံ OCBC Bank တွင် ၂၀၀၉ ခုနှစ် အောက်တိုဘာလမှ စတင်၍ ငွေစာရင်း ဖွင့်လှစ်ထားပြီး ငွေကြေးအားဖြင့် ခိုင်မာသော ကုမ္ပဏီ ဖြစ်ကြောင်း ထောက်ခံတင်ပြထားပါသည်။

တော်ဝင်ရွှေပုလဲကုမ္ပဏီလီမိတက်၏ ငွေရေးကြေးရေး အထောက်အထားအဖြစ် မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် (၂-၁၂-၂၀၁၀)နေ့၌ စာရင်းအမှတ် IDA 0400985 ဖြင့် US $ ၉၅,၅၁၉.၂၁ ရှိပါကြောင်း ဘဏ်စာရွက်အထောက်အထားကို တင်ပြထားပါသည်။

ဆုံးဖြတ်ရန်အချက်

(က) Myanmar Royal Prestige Plantation Co., Ltd. တည်ထောင်၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသတွင် ဆီအုန်းစိုက်ပျိုးခြင်း နှင့် သန့်စင်ပြီး စားအုန်းဆီ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကို သဘောတူ - မတူ၊

(ခ) အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ - မတူ။

အတွင်းရေးမှူး(ကိုယ်စား)
(မြသူဇာ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက - ၆(ခ)/န- ၄၆၀/ ၂၀၁၁(၉၁၇)
ရက်စွဲ ၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ။ Myanmar Royal Prestige Plantation Co., Ltd.(MRPP) တည်ထောင်၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသတွင် ဆီအုန်း (၁၀,၀၀၀ ဧက) စိုက်ပျိုးရန် အဆိုပြုလွှာ တင်ပြခြင်းကိစ္စ။

၁။ မြန်မာနိုင်ငံသားပိုင် တော်ဝင် ရွှေပုလဲစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ ၂၀% နှင့် မလေးရှားနိုင်ငံမှ Prestige Platform Sdn.Bhd. မှ ၈၀% တို့ ဖက်စပ်ပြု၍ Myanmar Royal Prestige Plantation Co., Ltd.(MRPP) ဖက်စပ်ကုမ္ပဏီ တည်ထောင်ကာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသရှိ မြေဧက (၁၀,၀၀၀) တွင် ဆီအုန်းစိုက်ပျိုးခြင်းနှင့် သန့်စင်ပြီး စားအုန်းဆီ ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(နှစ်ရှည်ပင်လုပ်ငန်း) နှင့် Product Sharing စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ ရွှေနေချုပ်ရုံး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တနင်္သာရီတိုင်း သစ်တောဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန၊ ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ တနင်္သာရီတိုင်း မြေစာရင်းဦးစီးဌာနတို့၏ သဘောထားမှတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မည့် မြေနေရာကို ဖော်ပြသည့်မြေပုံများကို နောက်ဆက်တွဲ(က) အဖြစ်လည်းကောင်း၊ ထွက်ကုန်အပေါ် အကျိုးအမြတ် ခွဲဝေမှုစနစ်ဖြင့် ဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်လုပ်ငန်း နှင့် Myanmar Royal Prestige Plantation Co., Ltd.(MRPP) တို့ ချုပ်ဆိုမည့် Product Sharing Agreement (မူကြမ်း)ကို ရွှေနေချုပ်ရုံး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန တို့၏ သဘောထားမှတ်ချက်များနှင့် အညီ ပြင်ဆင်၍ နောက်ဆက်တွဲ(ခ) အဖြစ်လည်းကောင်း၊ တော်ဝင်

ရွှေပုလဲစက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်နှင့် မလေးရှားနိုင်ငံ Prestige Platform Sdn.Bhd. တို့ ချုပ်ဆိုမည့် ဖက်စပ်စာချုပ်(မူကြမ်း)ကို နောက်ဆက်တွဲ(ဂ) အဖြစ်လည်းကောင်း ပူးတွဲတင်ပြအပ်ပါသည်။

၃။ အဆိုပြုချက်ကို (၁၂-၁-၂၀၁၁) နေ့တွင်ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၁/၂၀၁၁)အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ လုပ်ငန်းစီမံကိန်း၏ ကနဦး သက်တမ်းကာလမှာ (၃၀) နှစ်ဖြစ်ပြီး နှစ်ဖက် သဘောတူညီချက်ဖြင့် နောက်ထပ် (၁၅) နှစ် (၂) ကြိမ် သက်တမ်းတိုးဆောင်ရွက်ရန် ပြင်ဆင်ရေးသား၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြရခြင်းဖြစ်ပါသည်။ ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် နှင့် Myanmar Royal Prestige Plantation Co., Ltd.(MRPP) ၏ ဒါရိုက်တာစာရင်းများကို ပူးတွဲအဖြစ် တင်ပြအပ်ပါသည်။

၄။ လုပ်ငန်း၏ ကနဦး ရင်းနှီးမြှုပ်နှံမှုမှာ US$ ၄၀ သန်း ဖြစ်၍ ချေးငွေ US$ ၂၅ သန်း ပါဝင်ပါသည်။ ၎င်းတွင် ငွေသား US $ ၀.၃၂၆ သန်း၊ စက်ပစ္စည်း ကိရိယာ တန်ဆာပလာ US $ ၁၂.၇၉၈ သန်း၊ ကုန်ကြမ်းပစ္စည်း၊ ကျွမ်းကျင်မှုနည်းပညာနှင့် အခြားဆက်စပ်ပစ္စည်းများ US $ ၂၆.၈၇၆ သန်း တို့ ပါဝင်ပါသည်။

၅။ လုပ်ငန်းစီမံကိန်း၏ ကနဦးသက်တမ်းကာလမှာ (၃၀)နှစ်ဖြစ်ပြီး နှစ်ဖက် သဘောတူညီချက်ဖြင့် နောက်ထပ်(၁၅)နှစ် နှစ်ကြိမ် သက်တမ်းတိုးမြှင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။ စိုက်ပျိုးရေးကာလ (တည်ဆောက်ရေးကာလ)(၆)နှစ် ဖြစ်ပါသည်။

၆။ Myanmar Royal Prestige Plantation Co., Ltd. သည် တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသရှိ မြေဧရိယာ (၅၀,၀၀၀)ဧက အနက် စိုက်ပျိုးမြေ ဖော်ထုတ်နိုင်မည့် မြေဧရိယာ (၃၀,၀၀၀) ဧက ကို အောက်ပါအတိုင်း နှစ်အလိုက် ဖော်ထုတ်စိုက်ပျိုးမည် ဖြစ်ပါသည်။

နှစ်	ဖော်ထုတ်စိုက်ပျိုးမည့်ဧရိယာ(ဧက)
ပထမနှစ်	၁,၀၀၀
ဒုတိယနှစ်	၃,၀၀၀
တတိယနှစ်	၅,၀၀၀
စတုတ္ထနှစ်	၆,၀၀၀
ပဉ္စမနှစ်	၇,၀၀၀
ဆဋ္ဌမနှစ်	၈,၀၀၀
စုစုပေါင်း	၃၀,၀၀၀

၇။ တစ်နာရီ တန်(၆၀)ကျ ဆီသန့်စက်ရုံကို တတိယနှစ်တွင် စတင်တည်ဆောက်ကာ စတုတ္ထနှစ်တွင် ဆီကြမ်း စတင်ထုတ်လုပ်မည်ဖြစ်ပါသည်။

၈။ စားအုန်းဆီရောင်းဈေးနှုန်းမှာ ၁ တန်လျှင် US $ ၅၀၀ ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှ ထုတ်လုပ်မှုမှာ ၄၄,၀၅၇ တန် ဖြစ်ပါသည်။ ထွက်ရှိလာသော သန့်စင်ပြီး စားအုန်းဆီချောများကို ပြည်တွင်းတွင် ၅၀% နှင့် ပြည်ပ သို့ ၅၀% တင်ပို့ရောင်းချမည်ဖြစ်ပါသည်။

၉။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့်နိုင်ငံတော်မှစီမံကိန်းကာလအတွင်း US $ (၄၂.၆၉၆)သန်း ရရှိနိုင်မည် ဖြစ်သည့်အပြင် ခန့်မှန်းခြေအားဖြင့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်စုစုပေါင်း US$ (၁၅၀)သန်း ခန့် ရရှိနိုင်မည်ဖြစ်ပါသည်။

၁၀။ Myanmar Royal Prestige Plantation Co., Ltd. သည် ယခုထွက်ရှိလာမည့် စားအုန်းဆီကြမ်းနှင့် ဆီချောများကို နိုင်ငံတော်ကိုယ်စား မြေရှင်အဖြစ်ဆောင်ရွက်မည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(နှစ်ရှည်ပင်လုပ်ငန်း)သို့ ဆီသီးခိုင် စတင် ထွက်ရှိလာသည့် အချိန်မှစ၍ အောက်ပါအစီအစဉ် အတိုင်း ခွဲဝေခံစားမည်ဖြစ်ကြောင်း Product Sharing စာချုပ်(မူကြမ်း) အပိုဒ် ၅.၁၅ တွင် ဖော်ပြထားပါသည်။

စဉ်	ကာလ	ထွက်ရှိမှုအပေါ် ပေးရန်အချိုး	ရရှိနိုင်မည့်မျှော်မှန်း ထွက်ကုန်ပမာဏ(တန်)
(က)	ဆီသီးခိုင်ထွက်ရှိလာချိန် မှ (၁၀)နှစ်ထိ	၂.၅%	ဆီကြမ်း (၃,၇၁၅)
(ခ)	စီမံကိန်းကာလ(၁၁)နှစ်မှ (၁၄)နှစ်ထိ	၅%	ဆီကြမ်း (၁၁,၈၇၀)
(ဂ)	စီမံကိန်းကာလ (၁၅)နှစ်မှ (၁၈)နှစ်ထိ	၇%	ဆီကြမ်း (၁၈,၂၉၈) (သို့မဟုတ်) ဆီချော (၁၄,၁၉၆)
(ဃ)	စီမံကိန်းကာလ (၁၉)နှစ်မှ (၂၂)နှစ်ထိ	၅%	ဆီကြမ်း (၁၃,၈၂၀) (သို့မဟုတ်) ဆီချော (၁၀,၃၆၅)
(င)	(၂၃)နှစ်မှစ၍ နောက်ပိုင်း	၂.၅%	ဆီကြမ်း (၁၅,၂၃၀) (သို့မဟုတ်) ဆီချော (၁၁,၄၂၃)

၁၁။ Product Sharing စာချုပ်(မူကြမ်း) အပိုဒ် ၅.၁၇ အရ ကုမ္ပဏီ၏ နှစ်စဉ် ဆီအုန်း ထုတ်လုပ်မှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှု သီးနှံ ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် Myanmar Royal Prestige Plantation Co., Ltd. မှ ကျွမ်းကျင်သူများ ဖွဲ့စည်းထားသည့် ကော်မတီမှ မျှတသည့် ခွဲဝေမှုကို အတည်ပြုမည်ဖြစ်ပါကြောင်း၊ နှစ်စဉ် ထုတ်လုပ်မှုကို (၆)လတစ်ကြိမ် စစ်ဆေးအတည်ပြုမည် ဖြစ်ပါကြောင်း၊ နှစ်စဉ်ထုတ်လုပ်မှု အပေါ် ကော်မတီ၏ အတည်ပြုချက်နှင့်အညီ Product Sharing စာချုပ်အတိုင်း လယ်ယာ စိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှင့် ကုမ္ပဏီတို့ သည် ထုတ်လုပ်မှု ပမာဏ ကို ခွဲဝေမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၂။ ယင်းစာပိုဒ်၌ပင် ကော်မတီသည် နှစ်စဉ်မျှော်မှန်းထားသည့် ထုတ်လုပ်မှု ပမာဏထက် လျော့နည်းပါက နှစ်စဉ်ထုတ်လုပ်မှုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ တင်ပြပြီး မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထုတ်လုပ်မှုကို ခွဲဝေခံစားမည် ဖြစ်ပါသည်။ အကယ်၍ စိုက်ပျိုးနိုင်သည့် မြေဧရိယာသည် စီမံကိန်းပါ မျှော်မှန်းထားသည့် ဧရိယာထက် လျော့နည်းခဲ့လျှင် Myanmar Royal Prestige Plantation Co., Ltd. မှ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေး လုပ်ငန်းနှင့် မြေယာ ဖွံ့ဖြိုးမှု အတွက် ပြန်လည်ညှိနှိုင်းရေးဆွဲရန် အဆိုပြုမည်ဖြစ်ကြောင်း စာချုပ်တွင် ဖော်ပြထားပါသည်။

၁၃။ Product Sharing စာချုပ်(မူကြမ်း) အပိုဒ် ၈.၁ အရ စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် (သို့မဟုတ်) စာချုပ်ဝင်တစ်ဖက်က စာချုပ်ကို ရုပ်သိမ်းပါက Myanmar Royal Prestige Plantation Co., Ltd. သည် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းသို့ မည်သည့် အဖိုးစားနားမျှ မပါဘဲ မရွှေ့မပြောင်း နိုင်သည့် ပစ္စည်းများအားလုံးကို လွှဲပြောင်းပေးရမည်ဟု ဖော်ပြပါရှိပါသည်။

၁၄။ Product Sharing စာချုပ် (မူကြမ်း) အပိုဒ် ၉.၁ အရ Myanmar Royal Prestige Plantation Co., Ltd. သည် ဘဏ်အာမခံကြေး (Performance Bank Guarantee) အဖြစ် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု၏ ၃% ကို ဘဏ္ဍာရေးနှစ်၏ ပထမလတွင် ပေးဆောင်မည်ဟု ဖော်ပြထား ပါသည်။

၁၅။ Myanmar Royal Prestige Plantation Co., Ltd. သည် လုပ်ငန်းတွင် လိုအပ်သော လျှပ်စစ်ဓါတ်အားကို နိုင်ငံတော်မှ မရရှိမီ ကိုယ်ပိုင်မီးစက်ဖြင့် အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထား ပါသည်။

၁၆။ အဆိုပြုလုပ်ငန်းအားတနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဆီအုန်း စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် ကန့်ကွက်ရန်မရှိပါကြောင်း၊ တနင်္သာရီတိုင်းသစ်တောဦးစီး ဌာနမှလည်း သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေခြင်းမရှိလျှင် သစ်တောရေးရာ ဝန်ကြီး

ဌာနမှ ခွင့်ပြုနိုင်ကြောင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ Prestige Platform Sdn.Bhd. သည် မလေးရှားနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပါကြောင်းနှင့် ခိုင်မာသော ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းမှလည်း မြေယာကြိုတင် လုပ်ကိုင်ခွင့် ရရှိပြီး ဖြစ်၍ ဆက်လက်ထောက်ခံပါကြောင်း၊ ကျေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ လည်း မြေယာပြင်ဆင်ခြင်းနှင့် ဆီအုန်းပျိုးခင်းများ စိုက်ပျိုးလုပ်ကိုင်ရေးအတွက် မြေပေးနိုင် ပါကြောင်း၊ တနင်္သာရီတိုင်း မြေစာရင်းဦးစီးဌာနမှလည်း ကန့်ကွက်ရန် မရှိပါကြောင်း သဘောထား မှတ်ချက် ပြန်ကြားထား ပါသည်။

၁၇။ လုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်သားများခန့်ထားရာတွင် လုပ်ငန်းသဘာဝအရ နှစ် အလိုက် ဖော်ပြထားပြီး ပထမနှစ်တွင် ပြည်တွင်းမှ ၂၀၀ဦး နှင့် ပြည်ပမှ ၉ ဦး စုစုပေါင်း ၂၀၉ ဦး ခန့်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၁၈။ Prestige Platform Sdn.Bhd သည် မလေးရှားနိုင်ငံတွင် ကုမ္ပဏီအမှတ် ၈၆၄၇၆၉ - P ဖြင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီ၏လိပ်စာမှာ မလေးရှားနိုင်ငံ၊ Suite 16-08, Level 16, Wisma UOA II, No.21 Jalan Pinang, 50450 Kuala Lumpur ဖြစ်ကြောင်း၊ ငွေရေးကြေးရေး အထောက်အထားအဖြစ် မလေးရှားနိုင်ငံ OCBC Bank တွင် ၂၀၀၉ ခုနှစ် အောက်တိုဘာလမှ စတင်၍ ငွေစာရင်း ဖွင့်လှစ်ထားပြီး ငွေကြေးအားဖြင့် ခိုင်မာသော ကုမ္ပဏီ ဖြစ်ကြောင်း ထောက်ခံတင်ပြထားပါသည်။

၁၉။ တော်ဝင်ရွှေပုလဲကုမ္ပဏီလီမိတက်၏ ငွေရေးကြေးရေး အထောက်အထားအဖြစ် မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် (၂-၁၂-၂၀၁၀)နေ့၌ စာရင်းအမှတ် IDA 0400985 ဖြင့် US $ ၉၅,၅၁၉.၂၁ ရှိပါကြောင်း ဘဏ်စာရွက်အထောက်အထားကို တင်ပြထားပါသည်။

၂၀။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို လျှောက်ထားလာပါသည်။

<u>ဆုံးဖြတ်ရန်အချက်</u>

၂၁။ (က) Myanmar Royal Prestige Plantation Co., Ltd. တည်ထောင်၍ တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသတွင် ဆီအုန်း စိုက်ပျိုးခြင်း နှင့် သန့်စင်ပြီး စားအုန်းဆီ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကို သဘောတူ - မတူ၊

(ခ) အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ - မတူ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထောက်ခံချက်

၂၂။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(မောင်မောင်သိမ်း)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ပူးတွဲ

ကုမ္ပဏီဒါရိုက်တာနှင့် အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဥ်	ကုမ္ပဏီအမည်	ဒါရိုက်တာနှင့်အစုရှင်များ၏အမည်	ဒါရိုက်တာနှင့်အစုရှင်များ၏ လိပ်စာ
၁။	Myanmar Royal Prestige Platform Co., Ltd.(MRPP)	Party A Royal Golden Pearl Industry Co., Ltd. Represented by 1. U Pyi Soe Managing Director 12/Ma Ga Ta (N) 031279 Party B Prestige Platform Sdn.Bhd Represented by 1. Mr. Tan Ghee Kiat Director PP No. A 18482445	No.30A, Room 9, Yaw Min Gyi Street, Dagon Township, Yangon, Myanmar. No.7, Lorong Tempinis, Kanan Dua Lucky Garden Bangsar 59100, Kuala Lumpur. Malaysia

၁။ ကုမ္ပဏီ၏ တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် — Tel- ၀၁- ၆၆၇၄၃၆
Fax- ၉၅-၁-၆၆၇၄၄၆

၂။ ကုမ္ပဏီ၏ လိပ်စာအပြည့်အစုံ — အမှတ် ၃၁၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့

၃။ ကုမ္ပဏီ၏ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်/ ရာထူး — ဦးကြည်ဝင်း
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ — စိုက်ပျိုးရေးနှင့်ထုတ်လုပ်ရေး

၅။ ကုမ္ပဏီ မှတ်ပုံတင်အမှတ်/နေ့စွဲ — -

၆။ ကုမ္ပဏီ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် နေ့စွဲ — -

၇။ ဘဏ်အမည်နှင့် ဘဏ်စာရင်းအမှတ် — -